## ရှမ်းပြည်နယ်ကောင်စီ။
## (ရှမ်းပြည်နယ်ကောင်စီနည်းဥပဒေများ။)
## အမှတ် ၇
## ရန်ကုန်မြို့၊ ၁၃၁၂ ခု၊ ဝါခေါင်လဆန်း ၂ ရက်။
## (၁၉၅၀ ခု၊ ဩဂုတ်လ ၁၅ ရက်။)

အမှတ် ၇။ ။ ရှမ်းပြည်နယ်ကောင်စီ၊ ၁၃၁၀ ခု၊ တန်ခူးလဆန်း ၁ ရက်နေ့စွဲ ပြန်တမ်း ၁၁ ကို ဆက်လက် ရည်ညွှန်း၍၊ အောက်ဖော်ပြပါ ရှမ်းပြည်နယ်ကောင်စီ နည်းဥပဒေများတွင် “ အခန်း ၁၆၊ ဘဏ္ဍာရေးလုပ်ငန်းများ” ထည့်သွင်းခြင်းကို၊ ကောင်စီက အတည်ပြုပြီးဖြစ်သည့်အတိုင်း၊ အများ ပြည်သူတို့ သိရှိရန် ကျေညာလိုက်ပါသည်။

### ရှမ်းပြည်နယ်ကောင်စီနည်းဥပဒေများ။

### အခဏ်း ၁၆။
### ဘဏ္ဍာရေးလုပ်ငန်း။
### က။ ။ ရသုံးမှန်းခြေငွေစာရင်း၊ ထပ်ဖြည့်သုံးငွေစာရင်း၊ သုံးငွေတောင်းဆိုခြင်း။

၁၁၅။ ။ ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၁၆၄ (၁)အရ၊ ဘဏ္ဍာတော်နှစ် တိုင်း တနှစ်အတွက် ရသုံးမှန်းခြေငွေစာရင်းကို ပြည်နယ်ဥက္ကဋ္ဌက၊ ကန့်သတ်သောနေ့တွင် ကောင်စီသို့ တင်ပြရမည်။

၁၁၆။ ။ ရသုံးမှန်းခြေငွေစာရင်းကို ကောင်စီက အောက်တွင်ဖော်ပြထားသည့်အတိုင်း ဆွေးနွေးဆုံးဖြတ် ပြဋ္ဌာန်းရမည်။

(က) ရသုံးမှန်းခြေငွေစာရင်း၏ (မူ) နှင့် အခြေခံအချက်များကို ဆွေးနွေးခြင်း။

(ခ) တောင်းဆိုသောငွေများကို ဆုံးဖြတ်ပြဋ္ဌာန်းခြင်း။

၁၁၇။ ။ ရသုံးမှန်းခြေငွေစာရင်းကို ကောင်စီသို့ တင်ပြသောနေ့တွင် မဆွေးနွေးရ။

၁၁၈။ ။ (၁) ရသုံးမှန်းခြေငွေစာရင်းကို တင်ပြပြီးသည့်နောက် သုံးရက်ထက်ကျော်လွန်သော နေ့တနေ့ တွင်၊ သို့မဟုတ်နေ့များတွင် ကောင်စီက ရသုံးမှန်းခြေငွေစာရင်း၏ (မူ)နှင့် အခြေခံအချက်များကို ဆွေး နွေးရန် ပြည်နယ်ဥက္ကဋ္ဌက ရက်ကန့်သတ်ပေးရမည်။ ဤကဲ့သို့ ဆွေးနွေးရာတွင် အောက်ပါကိစ္စများကို မဆွေးနွေးရ။

(က) ရသုံးမှန်းခြေငွေစာရင်းတွင် အကြုံးဝင်သော ဘဏ္ဍာရေးဆိုင်ရာ ဝါဒနှင့် တိုက်ရိုက်မသက်ဆိုင် သည့် အုပ်ချုပ်မှုဆိုင်ရာ ဝါဒအရပ်ရပ်၊ သို့မဟုတ်

(ခ) ဒေသတရပ်နှင့်ဖြစ်စေ၊ လူတစုနှင့်ဖြစ်စေ လုံးဝသက်ဆိုင်သော အကြောင်းတရပ်ရပ်။

(၂) (မူ)နှင့် အခြေခံအချက်များကိုဆွေးနွေးနေစဉ် မည်သည့်အဆိုကိုမျှ မတင်သွင်းရ။

(၃) ဆွေးနွေးခြင်းပြီးဆုံးသောအခါ ပြည်နယ်ဥက္ကဋ္ဌ၊ သို့မဟုတ် ဘဏ္ဍာရေးဝန်ကြီး၊ သို့မဟုတ် ပြည်နယ်ဥက္ကဋ္ဌက ဤကိစ္စအတွက်ခန့်အပ်သော မည်သည့်ကောင်စီအမတ်တဦးဦးမဆို ပြန်လည်ချေပခွင့် ရှိသည်။

Myanmar Law Information System (MLIS)

၁၁၉။ ။ သုံးငွေတောင်းသော အဆိုများကို စဉ်းစားဆွေးနွေးရန် ၁၅ ရက်ထက်ပို၍ သတ်မှတ်မပေးရ။

၁၂၀။ ။ (၁) တောင်းဆိုသော သုံးငွေကို လျှော့ရန်အကြောင်းကြားစာကို၊ ၎င်းအဆိုမတင်သွင်းမီ ကြားသုံး ရက်ကြိုတင်၍ ပေးပို့ရမည်။

(တနင်္ဂနွေနေ့များနှင့် ရုံးပိတ်ရက်များကို ထည့်သွင်း၍ မရေတွက်ရ။)

(၂) တင်ကြိုအကြောင်းကြားစာနှင့် ပူးတွဲ၍ မည်သို့သော အကြောင်းကြောင့် တောင်းဆိုသော သုံးငွေလျှော့ ရမည့် အဆိုကိုတင်သွင်းရသည့် အကျဉ်းချုပ်ဖေါ်ပြချက်ကို လက်မှတ်ထိုး၍ ပေးပို့ရမည်။

၁၂၁။ ။ ပြည်နယ်ဥက္ကဋ္ဌသည်၊ ဌာနအသီးသီးမှ တောင်းဆိုသော သုံးငွေများနှင့် စပ်လျဉ်းသည့် အဆို အသီးသီးကို သတ်မှတ်ပေးသောရက်များအတွင်းတွင် မည်သည့်နေ့၌ မည်သည့်ဌာန၏တောင်းဆိုချက် ကို အလျင်စဉ်းစားဆုံးဖြတ်ထိုက်သည်။ မည်သည့်အဆိုအတွက် ရက်ပေါင်းမည်၍ မည်မျှခွင့်ပြုသည်ဟု ခွဲဝေသတ်မှတ်ပေးနိုင်သည်။ သတ်မှတ်ပေးသော ရက်များအတွင်း ညနေ ၄ နာရီအချိန်တွင်၊ သို့မဟုတ် ၎င်းရက်များအနက် နောက်ဆုံးနေ့ ၄ နာရီခွဲအချိန်တွင် သဘာပတိသည် တနေ့အတွက်တင်ပြသော တောင်းဆိုချက်အဆိုများ ပြီးစီးစိမ့်သောငှါ ကောင်စီသို့ကျန်ရှိသမျှသော အဆိုကို တင်ပြ၍ အဆုံးအဖြတ် ကိုယူရမည်။ ဤကဲ့သို့တင်ပြသော အဆိုများကို မဆွေးနွေးနိုင်အောင်၊ ကောင်စီအစည်းအဝေးအရေးတ ကြီးရွှေ့ဆိုင်းရန်အဆို၊ သို့မဟုတ် နှောင့်နှေးကြန့်ကြာအောင် ပြုလုပ်မှု အဆိုများတင်သွင်းခြင်းကို မည်သည့်နည်းနှင့်မျှ အခွင့်မပြုရ။ ထို့ပြင်လည်း မည်သည့်နည်းနှင့်မျှ အနှောက်အရှက်မပြုလုပ်ရ။ သုံးငွေလျှော့ရေးအဆိုတခုကို ဆွေးနွေးရာတွင် တနာရီထက်မပိုစေရ။

၁၂၂။ ။ (၁) သုံးငွေတောင်းဆိုရေးအဆိုကို ပြည်နယ်အစိုးရ၏ ထောက်ခံချက်ပါရှိမှသာလျှင် တင်သွင်း နိုင်သည်။

(၂) တောင်းဆိုသော အသုံးငွေတရပ်ကိုလျှော့ရန် အဆိုတင်သွင်းနိုင်သော်လည်း၊ တိုးပေးရန်နှင့် ဌာနလွှဲ ပြောင်းရန် အဆိုမျိုးကို တင်သွင်းခြင်းမပြုနိုင်။

(၃) သုံးငွေတောင်းသော အဆိုတရပ်နှင့် ပတ်သက်၍ ငွေလျှော့ရန်အဆိုများ ရှိခဲ့လျှင်၊ မည်သို့သော အကြောင်းကြောင့် လျှော့သင့်ကြောင်းဖေါ်ပြချက်များကို အထောက်အထားပြု၍ မှန်းခြေငွေစာရင်းတွင် ပါရှိ သော ခေါင်းစဉ်အတိုင်း ဆွေးနွေးဆုံးဖြတ်စေရမည်။

၁၂၃။ ။ (၁) ဘဏ္ဍာတော်နှစ်တိုင်းတနှစ်အတွက်-

(က) ကောင်စီက အခွင့်ပြုပြီးသော အသုံးစရိတ်ထက်ပို၍ အခွန်တော်များမှ နောက်ထပ်သုံးရန် ဘဏ္ဍာ တော်နှစ်အတွင်းတွင် အလိုရှိခဲ့သော်၎င်း၊

(ခ) ထိုနှစ်အတွင်းသုံးရန်ဖေါ်ပြထားသော မှန်းခြေငွေစာရင်းတွင် မပါရှိသော လုပ်ငန်းသစ်တရပ်ရပ် အတွက် ကောင်စီ၏ ခွင့်ပြုချက်ကို လိုသောအသုံးစရိတ်ပေါ်ပေါက်လာလျှင် သော်၎င်း၊

(ဂ) ကောင်စီအခွင့်မပြုသော တောင်းဆိုချက်နှင့်စပ်လျဉ်း၍ အသုံးငွေလိုလျှင်သော်၎င်း၊ ကောင်စီက လျှော့ထားသော တောင်းငွေထက်ပို၍လာလျှင် သော်၎င်း၊ ဖြည့်စွက်မှန်းခြေငွေစရင်းတခုကို လိုအပ်သော အသုံးစရိတ်များဖေါ်ပြလျက် ပြည်နယ်ဥက္ကဋ္ဌက သတ်မှတ်သောနေ့တနေ့တွင် ကောင်စီသို့ တင်ပြရမည်။ ထိုဖြည့်စွက်စာရင်းတင်ပြသောနေ့မှ ၇ ရက် အလျင်မကျသည့်ပြည်နယ်ဥက္ကဋ္ဌက သတ်မှတ်သော နေ့တနေ့တွင်



Myanmar Law Information System (MLIS)

ဆွေးနွေးဆုံးဖြတ်ရန် သတ်မှတ်ရ မည်။

သို့ရာတွင် အပိုဒ်ခွဲ (ခ) ကို အကြောင်းပြု၍ လိုအပ်သော အသုံးစရိတ်ကို ခေါင်းစဉ်အပြောင်းအလွဲဖြင့် သုံးနိုင်ရန် ဖြည့်စွက်စာရင်းတွင် လိုအပ်သော ငွေအတွက် စတိအားဖြင့် ငွေကို ဖေါ်ပြ၍ ကောင်စီက အခွင့်ပြုလျှင် လိုအပ်သော ငွေများကို သုံးစွဲနိုင်စေရမည်။

(၂) ဖြည့်စွက်မှန်းခြေငွေစာရင်းများကို၊ ကောင်စီတွင် စဉ်းစားဆွေးနွေးရာ၌ ဘဏ္ဍာတော်နှစ်တိုင်း တနှစ်အတွက်ရသုံးမှန်းခြေငွေစာရင်းကို တောင်းဆိုဆွေးနွေးသော နည်းအတိုင်း ဆောင်ရွက်ရမည်။

၁၂၄။ ။ ဘဏ္ဍာတော်နှစ်တနှစ်အတွက် ကောင်စီက ခွင့်ပြုထားသော ငွေများထက်လုပ်ငန်းတခုခုအတွက် ပို၍သုံးမိလျှင် ထိုပိုသုံးမိသော ငွေကို အခွင့်ပြုရန် တောင်းဆိုသည့် အဆိုကို ပြည်နယ်ဥက္ကဋ္ဌသတ်မှတ် သော နေ့တနေ့တွင် ပြည်နယ်ဥက္ကဋ္ဌ၊ သို့မဟုတ် ဘဏ္ဍာရေးဝန်ကြီး၊ သို့မဟုတ် ဤကိစ္စအတွက် ပြည်နယ် ဥက္ကဋ္ဌကခန့်အပ်သော မည်သည့်ကောင်စီအမတ်တဦးဦးမဆို ကောင်စီသို့တင်ပြ၍ ပြည်နယ်ဥက္ကဋ္ဌကပင် သတ်မှတ်သောနေ့တနေ့တွင် ဆွေးနွေးဆုံးဖြတ်ရမည်။ သို့သော် ဆွေးနွေးဆုံးဖြတ်သည့်နေ့သည် အဆို တင်ပြသောနေ့မှ ၃ ရက်အောက် မလျော့သော နေ့ဖြစ်ရမည်။ ဤကဲ့သို့သော အဆိုမျိုးကို ဆွေးနွေးစဉ်း စားဆုံးဖြတ်ရာတွင် ဘဏ္ဍာတော်နှစ်တိုင်း တနှစ်အတွက် ရသုံးမှန်းခြေငွေစာရင်းပါ တောင်းဆိုချက် တရပ်အနေဖြင့် တင်သွင်းဆုံးဖြတ်စေရမည်။

## (ခ) ပြည်သူ့ငွေစာရင်းကော်မီတီ။

၁၂၅။ ။ ဤဘဏ္ဍာရေးလုပ်ငန်းများနှင့် ပတ်သက်သော အခန်း (၁၆) ကိုတင်သွင်းလက်ခံသည့် ကောင်စီ ညီလာခံကျင်းပသည့် အတောအတွင်း အစိုးရ၏ အသုံးစာရင်းနှင့် ဤစာရင်းပေါ်တွင် အစီရင်ခံထား သော နိုင်ငံတော်စာရင်းစစ်ချုပ်၏ အစီရင်ခံစာအပြင်၊ ပြည်နယ်ဘဏ္ဍာရေးဌာနမှ လွှဲအပ်ပေးပို့သော ကိစ္စရပ်များကို စဉ်းစားဆွေးနွေးရန် ကောင်စီ၏ သက်တမ်းတလျှောက် တည်တန့်သော ပြည်သူ့ငွေ စာရင်း အမြဲတမ်း ကော်မီတီတခုကို ကောင်စီက ဖွဲ့စည်းရမည်။

၁၂၆။ ။ (၁) ဤကော်မီတီတွင် အရံသဘာပတိ အဖွဲ့ဝင်များတည်းမှ ကောင်စီသဘာပတိက ခန့်ထားသည့် ကော်မီတီသဘာပတိတဦး၊ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး၊ သို့မဟုတ် ဤကိစ္စအတွက် ပြည်နယ်ဥက္ကဋ္ဌကခန့်အပ်သည် ကောင်စီအမတ်တဦးအပြင် အခြားကောင်စီက ရွေးကောက်တင်မြှောက်သော အမတ် ၂ ဦးပါရှိစေရမည်။

(၂) ကော်မီတီသဘာပတိနှင့် ဘဏ္ဍာရေးဝန်ကြီး၊ သို့မဟုတ် ဤကိစ္စအတွက် ပြည်နယ်ဥက္ကဋ္ဌက ခန့်အပ် သည့်အမတ်မှတပါး၊ ဤကော်မီတီတွင် နေရာလစ်လပ်ခဲ့လျှင်၊ ကောင်စီက ရွေးကောက်တင်မြှောက်ရ မည်။

(၃) ဤကော်မီတီတွင် မဲခွဲရာ၌ ၎င်း၏သဘာပတိသည် မဲပေးနိုင်သည်။ မဲတူညီနေလျှင် သဘာပတိသည် ဒုတိယမဲပေးနိုင်သည်။

(၄) အကယ်၍ ကော်မီတီအစည်းအဝေးတရပ်ရပ်တွင် ကော်မီတီသဘာပတိမရှိခဲ့လျှင်၊ ကော်မီတီက မိမိ တို့အထဲမှ ရွေးကောင်တင်မြှောက်သော ပုဂ္ဂိုလ်သည်၊ အစည်းအဝေးတွင် သဘာပတိအဖြစ် ကြီးမှူး ဆောင်ရွက်ရမည်။

(၅) ကော်မီတီအဖွဲ့ဝင်တဦးဦးအား ရက်ပေါင်း ၃၀ ထက်မများသော ကာလအတွက် အခွင့်ကို သဘာပတိက ပေးနိုင်သည်။ ထိုသို့အခွင့်ရယူခြင်းမရှိဘဲ ရက်ပေါင်း ၃၀ တိုင်ဆက်လက်၍ ကော်မီတီ အစည်းအဝေးများသို့ တက်ရောက်ရန် ပျက်ကွက်သော အမတ်သည် အဖွဲ့ဝင်အဖြစ်မှ ရပ်စဲသည်ဟု ယူဆ ရမည်။

Myanmar Law Information System (MLIS)

(၆) ကော်မီတီ အဖွဲ့ဝင်အမတ် တဦးသည်၊ ကောင်စီ သဘာပတိအဖြစ်၊ ပြည်နယ်ဝန်ကြီးအဖြစ် (ဘဏ္ဍာရေးဝန်ကြီးမှအပ)၊ ပါလီမန်ဆိုင်ရာအတွင်းဝန်အဖြစ် ရာထူးလက်ခံခဲ့သော်၊ ၎င်းကိုကော်မီတီအဖွဲ့ဝင်အ ဖြစ်မှ ရပ်စဲသည်ဟု ယူဆရမည်။

၁၂၇။ ။ (၁) အစိုးရ၏ အသုံးစာရင်းနှင့် နိုင်ငံတော်စာရင်းစစ်ချုပ်၏ အစီရင်ခံစာကို စီစစ်သောအခါ၊ ကောင်စီကအခွင့်ပြုသောငွေကို ဆိုင်ရာကိစ္စအတွက်သာလျှင် သုံးသည်မသုံးသည်ကို ကျေနပ်လောက် အောင် စီစစ်ရန်ကော်မီတီ၌ တာဝန်ရှိစေရမည်။

(၂) အောက်ပါအချက်များနှင့် ပတ်သက်၍ ကောင်စီကို တင်ပြရန်မှာ၊ ကော်မီတီ၏ တာဝန်ဖြစ်သည်။

(က) ကောင်စီကအစိုးရ၏ တောင်းဆိုချက်အရ၊ ကိစ္စတခုအတွက် ခွင့်ပြုထားသော သုံးငွေတရပ်ကို အခြားကိစ္စအတွက် ခေါင်းစဉ်ပြောင်း၍ သုံးစွဲခြင်း။

(ခ) ဘဏ္ဍာရေးဌာန အလုပ်ဝတ်တရားများအတွက် စည်းကမ်းသတ်မှတ်ထားသော နည်းဥပဒေများ အရ မဟုတ်ဘဲ၊ ခွင့်ပြုထားသော သုံးငွေတရပ်အတွင်းတွင် ခေါင်းစဉ်ပြောင်း၍ သုံးစွဲခြင်း၊ သို့မဟုတ် ကောင်စီက အတိအကျ လျှော့ထားသော ခေါင်းစဉ်အောက်တွင် အသုံးပိုမိုမှုသက်ရောက်စေခြင်း။

(ဂ) ဘဏ္ဍာရေးဌာနမှ တောင်းဆိုသော အသုံးစရိတ်အားလုံး။

(၃) အောက်ပါကိစ္စများနှင့်ပတ်သက်၍ ဆောင်ရွက်ရာမှာ ကော်မီတီ၏ တာဝန်ပင်ဖြစ်သည်။

(က) အစိုးရ၏ ကုန်သွယ်ရောင်းဝယ်မှုဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ ပြည်နယ်ဥက္ကဋ္ဌက လိုအပ် သည်ထင်၍ ပြုလုပ်စေသည့် စာရင်းများနှင့် ၎င်းစာရင်းများအပေါ်တွင် နိုင်ငံတော်စာရင်းစစ်ချုပ်၏ အစီ ရင်ခံစာတို့ကိုပါ စစ်ဆေးရန်နှင့် မှန်ကံကြောင်းကျေနပ်မှုရရန်။

(ခ) ပြည်နယ်ဥက္ကဋ္ဌက လိုအပ်၍ နိုင်ငံတော်စာရင်းစစ်ချုပ်အား ရငွေတရပ်ရပ်ကို ကြပ်မတ်စစ်ဆေးစေ သော ကိစ္စများတွင် နိုင်ငံတော်စာရင်းစစ်ချုပ်၏ အစီရင်ခံစာကို စဉ်းစားရန်၊ ၎င်းပြင် သိုလှောင် သိမ်းဆည်းထားသော ကုန်ပစ္စည်းများ၊ စာရင်းများစစ်ဆေးရန်။

၁၂၈။ ။ ကော်မီတီတွင် ပြောဆို ဆွေးနွေးပြုလုပ်ကြသော ကိစ္စအရပ်ရပ်တို့ကို ထုတ်ဖော်ပြောဆိုခြင်းမပြု ရ။

၁၂၉။ ။ ကော်မီတီ၏ သဘာပတိသည်၊ ကော်မီတီ၏ အစီရင်ခံစာကို ကောင်စီသို့ တင်ပြ၍ စဉ်းစားဆွေး နွေးရန် အဆိုကို တင်သွင်းရမည်။ အစီရင်ခံစာကို စဉ်းစားဆွေးနွေးပြီးသောအခါ သဘောတူလက်ခံရန် အဆိုကို ဆက်လက်တင်သွင်းရမည်။

အမိန့်အရ၊

ဆန်ဆမ်၊

အတွင်းဝန်၊

ရှမ်းပြည်နယ်ကောင်စီ။

Myanmar Law Information System (MLIS)